# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 28 , 2023 — Volume 67, Number 20

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့ (ဇွန် ၂၇) နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်နှင့် နယ်စခန်းအသီးသီးမှ ဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို အမျိုးသားရေး မျှော်မှန်းချက်ချမှတ်ပြီး ခေတ်နှင့်လျော်ညီသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်း နိုင်ငံတော်အစိုးရမူဝါဒနှင့်အညီ မိမိဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား/သမီးများ ပညာသင်ကြားရာတွင် အဆင်ပြေစေရန်နှင့် အထောက်အပံ့ဖြစ်စေရန်အတွက် ပညာသင်ထောက်ပံ့ကြေးကို နှစ်စဉ်တိုးမြှင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏ သား/သမီးများကို ပညာတတ် လူချွန်လူကောင်းများဖြစ်စေရေးအတွက် အလေးထားပြုစုပျိုးထောင်ပေးစေလိုကြောင်း ပြောကြားသည်။

---

၂၈.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ဝန်ထမ်းသား/သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက မူပိုင်ခွင့်ဦးစီးဌာနနှင့်မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ဝန်ထမ်းသား/သမီးများအတွက် ပညာသင် ထောက်ပံ့ကြေးများကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်သည်။

ယခုပညာသင်နှစ်တွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအနက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၀၁ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ၂၈၈ ဒါဇင်အပါအဝင် ပညာသင် ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၃၅၁၆၅၆၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/42409

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း၊ ဈေးကွက်အခြေအနေ

ဇွန်လ စတုတ္ထပတ်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပဲတီစိမ်းသေး၊ ပဲယင်းဝါ၊ Cp ပြောင်းဖူးစေ့ ဈေးငြိမ်၍ ပဲစင်းငုံ၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ပဲတီစိမ်းကြီး၊ ပဲကြီး၊ ပဲပုတ်စေ့၊ 929၊ ကုလားပဲဖြူလုံးသေးနှင့် ကုလားပဲဖြူလုံးကြီးများ ဈေးနှုန်းကျဆင်းသွားပြီး၊ ဂျုံဖြူသန့်၊ မတ်ပဲ၊ မြေထောက်ပဲ(ဖြူ)၊ ပုဂံပဲဈေးနှုန်းများ မြင့်တက်သွားသည်။ ဇွန်လစတုတ္ထပတ်တွင် သီးနှံများ တစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် တစ်တင်းလျှင် (၅၄၀၀၀)ကျပ်၊ ပဲစင်းငုံ (၉၆၀၀၀)ကျပ်၊ မတ်ပဲ (၇၃၀၀၀-၆၂၀၀၀)ကျပ်၊ ပဲတီစိမ်း (ကြီး) (၅၆၀၀၀-၄၅၀၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၄၆၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၁၅၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၀၀၀၀)ကျပ်၊ မြေထောက်ပဲ(ဖြူ) (၈၄၀၀၀)ကျပ်၊ ပုဂံပဲ (၈၅၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၁၀၀၀)ကျပ်၊ ပဲပုတ်စေ့ (၆၅၀၀၀-၇၂၀၀၀)ကျပ်နှင့် ပဲကြီးတစ်တင်းလျှင် (၉၈၀၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်ပတ်တွင် ကာလတူပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့်တစ်တင်းလျှင် (၅၃၅၀၀-၅၂၅၀၀)ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် (၁၀၂၀၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၇၂၀၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၅၈၀၀၀- ၄၄၀၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၄၆၀၀၀)ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၅၄၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၂၀၀၀) ကျပ်၊ မြေထောက်ပဲ(ဖြူ) တစ်တင်းလျှင် (၈၂၀၀၀)ကျပ်၊ ပုဂံပဲ (၈၁၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၁၀၀၀) ကျပ်၊ ပဲပုတ်စေ့ (၇၂၅၀၀-၇၃၅၀၀)ကျပ်နှင့် ပဲကြီးတစ်တင်းလျှင် (၉၉၀၀၀-၁၀၀၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ကာလတူအချိန်နှင့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ပဲတီစိမ်းသေး ၊ ပဲယင်းဝါ ဈေးငြိမ်၍ ပဲစင်းငုံတစ်တင်းလျှင် (၆၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၂၅၀၀) ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်းလျှင် (၂၀၀၀)ကျပ် ၊ပဲကြီး တစ်တင်းလျှင် (၂၀၀၀)ကျပ်၊ ပဲပုတ်စေ့ တစ်တင်းလျှင် (၁၅၀၀)ကျပ်နှုန်း ကျဆင်းသွားပြီး၊ ဂျုံဖြူသန့် တစ်တင်းလျှင် (၅၀၀)ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ မြေထောက်ပဲ(ဖြူ) တစ်တင်းလျှင် (၂၀၀၀) ကျပ်နှင့် ပုဂံပဲ တစ်တင်းလျှင် (၄၀၀၀)ကျပ် မြင့်တက်နေကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၈၅၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (၈၅၅၀၀) ကျပ်၊ 929 (၈၅၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၉၀၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၀၀၀၀)ကျပ်၊ 929 (၈၈၅၀၀) ကျပ်ပေါက်ဈေးရှိ၍ ယခင်အပတ် ကာလတူ ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက 929 တစ်တင်းလျှင် (၃၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၄၅၀၀) ကျပ်နှင့် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၅၀၀၀)ကျပ်ဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၉၈၀၀)ကျပ်ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၉၈၀၀)ကျပ် ရှိ၍ ယခင်ပတ်နှင့် နှိုင်းယှဉ်ပါက CP ပြောင်းဖူးစေ့ ဈေးငြိမ်နေကြောင်းသိရပါသည်။

**Source: ဧယျာကုန်သွယ်မှုဇဟိုဌာန**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပြောင်း၊ ပဲတီစိမ်းနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၇၆၇၃၇၅.၈၈၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၁၇၈၁၅၅၉.၆၅၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၁၄၁၈၃.၇၇၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ လျှပ်စစ်ဓါတ် ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၁၉၉၂၈၃.၂၄ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၉၇၂၁၉၀.၄၇၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၂၇၀၉၂.၇၇၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့ သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၄၃၁၉၀၇.၃၆ ကန်ဒေါ်လာတန်ဖိုးလျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၃ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁.၅၄ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇဟိုဌာန**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၉-၆-၂၀၂၃ မှ ၂၃-၆-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၂၅၀၊ ဟဲဟိုး OK ကျပ် ၂၄၀၀၊ ဟဲဟိုး S1 ကျပ် ၂၄၀၀၊ ဟဲဟိုး S2 ကျပ် ၂၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဟဲဟိုး OK ကျပ် ១၅၀၊ ဟဲဟိုး S1 ကျပ် ១၅၀၊ ဟဲဟိုး S2 ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ကြောင်းသိရသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၃ စီး ( ၃၁၈၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၅စီး( ၂၇၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၈ စီး (၄၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၅၀ ၊ မုံရွာရှယ် ကျပ် ၂၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၁၅၀ ၊ မုံရွာလတ်သန့် ကျပ် ၂၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၇၅ ၊ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာရှယ် ကျပ် ၇၅ ၊ မုံရွာလတ်ကြီး ကျပ် ၂၅ ၊ မုံရွာလတ်သန့် ကျပ် ၂၅ နှင့် မုံရွာလတ်ချော ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၉ စီး (၅၃၄၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၇ စီး (၇၀၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၂၈ စီး (၁၆၈၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၃

ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၆၀၀ ( ၇၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၉၀၀ ( ၅၇၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၇၀၀ ( ၂၁၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Domestic(Ygn) MITC

## မန္တလေးဈေးကွက်အတွင်း ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မြေထောက်ပဲများ ဈေးနှုန်းကောင်းရရှိ

ယခုနှစ် ပဲရာသီတွင် မန္တလေးပဲဈေးကွက်အတွင်း၌ မြေထောက်ပဲများကို ပြည်ပအိမ်နီးချင်းနိုင်ငံများ၏ အပြိုင်ဝယ်ယူနေမှုကြောင့် အရောင်းအဝယ်ကောင်းကာ ဈေးနှုန်းကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မြေထောက်ပဲကို လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ကလေး၊ ကလေးဝ၊ ဂန့်ဂေါစသည့် ဒေသတို့မှ ထွက်ရှိဝင်ရောက်လာကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူက မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ဈေးဖြင့် အဖွင့်ဈေးစခဲ့သော်လည်း၊ ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ နှုန်းအထိ ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်များ သွက်လက်နေပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။ “ ဈေးကွက်အတွင်းမှာ မြေထောက်ပဲတွေ ဝင်ရောက်နေပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက အပြိုင်ဝယ်ယူနေတာကြောင့် ဈေးနှုန်းတွေ မြင့်တက်နေတာပါ။ ဒီနှစ်က အထွက်နှုန်းအသင့်အတင့် ကောင်းပါတယ်။ မြေထောက်ပဲက တောင်သူတွေလက်ထဲမှာ မရှိတော့ပါဘူး။ သိုလှောင်ထားတဲ့သူတွေဆီမှာပဲ ရှိတော့တယ်။ ဈေးကတက်လာဖို့ အလားအလာရှိပါတယ်။ ဈေးကွက်ထဲမှာ လက်ကျန်မရှိ ပစ္စည်းပြတ်လပ်တဲ့အထိ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ နှစ်စဉ် မြေထောက်ပဲကို ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေကနေ ဝယ်ယူမှုတွေကို တွေ့ရပါတယ်။ ဝယ်ယူတဲ့ဖောက်သည်တွေလည်း တစ်နှစ်ထက်တစ်နှစ်များပြားလာတဲ့အတွက် ဈေးကလဲကောင်းနေပါတယ်” ဟု ၎င်းကရှင်းပြသည်။

အဆိုပါ မြေထောက်ပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာစိုက်ပျိုးလို့ရကြောင်း၊ ယင်းသီးနှံသည် ပူပြင်းသည့်ရာသီနှင့် မိုးများသောရာသီများကိုမကြိုက်၍ နေရာဒေသမရွေး စိုက်ပျိုး၍မရနိုင်ကြောင်း၊ ထိုသီးနှံကို ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ရွှေကူနယ်များနှင့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ကလေး၊ ကလေးဝ၊ ဂန့်ဂေါဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းပြီး ထွက်ရှိလာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယအစိုးရအနေဖြင့် ကုန်စည်လက်ကျန်ကန့်သတ်ချက်များ ပြုလုပ်လျက်ရှိသော်လည်း ဂျုံ၊ ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံတွင် ဂျုံနှင့်ပဲမျိုးစုံကို ကုန်သည်များ၏ လက်ဝယ်ကိုင်ထိန်းမထားစေရန် အစိုးရအနေဖြင့် ကုန်စည်လက်ကျန်ကန့်သတ်ချက်များ ပြုလုပ်လျက်ရှိသော်လည်း ဂျုံ၊ ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသည်။ အဓိကအကြောင်းအရင်းမှာ မုတ်သုန်မိုးအားနည်းသည့်အတွက် စားသောက်ကုန်ဈေးဖေါင်းပွမှုဖြစ်ပေါ်လာနိုင်သည့်အပေါ် စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရသည်။

ဂျုံဈေးနှုန်းမှာ ၁၀၀ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၃၅၈ နှင့်၂၄၉၀ ကြားရှိခဲ့ရာမှ ရူပီးငွေ ၂၄၀၀ မှ ၂၄၇၅ အထိမြင့်တက်ခဲ့ပြီး၊ ပဲစင်းငုံဈေးနှုန်းမှာ အချို့ပြည်နယ်များတွင် အနည်းငယ်သာတက်သော်လည်း မတ်ပဲဈေးနှုန်းမှာမူ ၁၀၀ ကီလိုဂရမ်လျှင် ရူပီးငွေ ၇၆၀၀ မှ ၈၅၅၀ အကြား မြင့်တက်ခဲ့ကြောင်းသိရသည်။ ယင်းသို့ပဲဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန်အတွက် အိန္ဒိယအစိုးရသည် ပဲစင်းငုံနှင့်မတ်ပဲ ကုန်စည်လက်ကျန်ကန့်သတ်ချက်ကို ယခုနှစ် ဇွန်လဆန်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် ဂျုံကုန်စည်လက်ကျန် ကန့်သတ်ချက်ကို တစ်လအတွင်း ထပ်မံထုတ်ပြန်ခဲ့သည်။ အစဦးပိုင်း၌ အဆိုပါကုန်စည်ဈေးနှုန်းများ

ကျဆင်းခဲ့သော်လည်း ပဲဈေးကွက်တွင် ထုတ်လုပ်မှု လျော့ကျမှုကြောင့် ဈေးနှုန်းများပြန်လည် မြင့်တက်သွားခဲ့ခြင်းဖြစ်သည်။ အစိုးရအနေဖြင့် ထိရောက်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ခြင်းရှိမရှိနှင့် ရာသီဥတုအခြေအနေ မျက်နှာသာပေးမှုတို့အပေါ်မူတည်၍ ဂျုံ၊ ပဲတီစိမ်းနှင့်မတ်ပဲဈေးနှုန်းများ ဆက်လက်မြင့်တက်ဖွယ်ရှိသည်ဟု ကျွမ်းကျင်သူတို့က သုံးသပ်သည်။

နံ့စားသီးနှံနှင့်ပဲမျိုးစုံဈေးဖေါင်းပွမှုနှုန်းမှာ ၁၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၆ ရာခိုင်နှုန်းအသီးသီးရှိပြီး ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံ၏ အစေ့အနှံစားသောက်ကုန်ဈေးကွက်၏ ၃၄ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် မိုးရာသီထွက် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့်မတ်ပဲသုံးမျိုးနှင့် နွေသီးနှံဖြစ်သော ဂျုံတို့၏ဈေးနှုန်းများသည် အတက်ဖက်သို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း သိရသည်။

မိုးရေရရှိမှုနည်းပါးသည့်အတွက် ပဲစင်းငုံနှင့် မတ်ပဲစိုက်ပျိုးမှုနောက်ကျပြီး မိုးသီးနှံဈေးနှုန်းများကို တက်စေကြောင်း၊ ထို့အပြင် ၂၀၂၂-၂၀၂၃ ခုနှစ် သီးနှံနှစ်အတွင်း ပဲထုတ်လုပ်မှုလျော့ကျခဲ့ခြင်းကလည်း အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်းနှင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ဂျုံအထွက် ပိုမိုကောင်းမွန်သဖြင့် ဈေးနှုန်းများတည်ငြိမ်ဖွယ်ရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင် မျှော်လင့်သလို ဖြစ်မလာခဲ့ဟု ဈေးကွက်ကျွမ်းကျင်သူတို့က သုံးသပ်သည်။

အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရန် အစိုးရအနေဖြင့် ဂျုံတင်သွင်းမှုအပေါ် ၄၀ ရာခိုင်နှုန်း သွင်းကုန်ခွန်စည်းကြပ်မှုကို လျှော့ချရန်နှင့် ပင်လယ်နက်ဖက်မှ ဂျုံတန်ချိန် ၃ သန်း သို့မဟုတ် ၄ သန်းကို သီးသန့်ကုန်သွယ်မှုမှတစ်ဆင့် တင်သွင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းမျိုး အစိုးရ၏မူဝါဒများကို ပြောင်းလဲသင့်သည်ဟု ကျွမ်းကျင်သူတို့က အကြံပြုကြသည်။

ပဲစင်းငုံအဓိကစိုက်ပျိုးသော ဒေသများဖြစ်ကြသည့် ကာနာတက်ကာ (Karnataka) နှင့် မဟာရှထရာ (Maharashtra) ပြည်နယ်တို့၌ ရာသီဥတုအခြေအနေမကောင်းသဖြင့် ပဲစိုက်ပျိုးမှုနောက်ကျသည့်အတွက် ပဲစင်းငုံနှင့်မတ်ပဲထုတ်လုပ်မှုအပေါ် ထိခိုက်စေခဲ့သည်။ သို့သော် ဇွန်လ ၂၄ ရက်နှင့် ၂၅ ရက်မှစ၍ မိုးစတင်ရွာသွန်းလာဖွယ်ရှိပြီး ပဲစိုက်ပျိုးမှုလည်း စတင်လာနိုင်မည်ဟု ခန့်မှန်းထားသည်။ အဆိုပါပဲစင်းငုံနှင့်မတ်ပဲတို့သည် အိန္ဒိယနိုင်ငံပဲဈေးကွက်၏ သုံးပုံနှစ်ပုံခန့်ကို ရယူပိုင်ဆိုင်ထားကြောင်း သိရသည်။

**ရည်ညွှန်း။ Stock limits fail to curb prices of wheat, pulses | Mint**

**(ကောင်းထွဋ်နေအောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2027062023%2014:%2049

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၉-၆-၂၀၂၃ မှ ၂၃-၆-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၄၃၇၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၄၆၇၅၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၃၂၀၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၁၀၈၅၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၅၀၀၀၀ ဈေးကျဆင်းခဲ့ပြီး မတ်ပဲ SQ/RC (2022 Crop) ကျပ် ၉၁၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀)၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) စုစုပေါင်း ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၇၀လုံး (တန်ချိန် ၁၆၈၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) စုစုပေါင်း ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရေတ်(သစ်) AC ကျပ် ၁၅၀၀၀၊ မြွားနီ ကျပ် ၁၅၀၀၀၊ မိုးထောင်(ဒီမွန်) ကျပ် ၁၄၀၀၀၊ အိမ်မဲ ကျပ် ၁၄၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြွားနီ ကျပ် ၅၀၀ ၊ ပန်းရဲရေတ်(သစ်) AC ကျပ် ၅၀၀

နှင့် အိမ်မဲ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး မိုးထောင်(ဒီမွန်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ဧရာတ်ရှည်အိတ်ပေါင်း ၂၇၀၀ (၅၄၀၀၀ ပိဿာ) နှင့် ဧရာတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ဧရာတ်ရှည်အိတ်ပေါင်း ၃၀၀၀ (၆၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ဧရာတ်ရှည်အိတ်ပေါင်း ၃၀၀(၆၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၄၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၃၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၄၀၀၊ ပခုက္ကူကြမ်း ကျပ် ၂၉၅၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၄၀၀၊ ကြံသကာ(စစ်)ကျပ် ၂၄၀၀နှင့် သကြား(ပြည်တွင်း) ကျပ် ၃၂၈၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ် (ထန်း) ကျပ် ၅၀ နှင့် သကြား(ပြည်တွင်း) ၅ ကျပ် ဈေးကျဆင်းခဲ့ကြောင်းသိရသည်။

Source: Domestic (Ygn) MITC

## ထိုင်းပီလောပီနံ ပြည်ပတင်ပို့မှုလျော့ကျ



https://www.foodindustrydirectory.com.mm

ထိုင်းနိုင်ငံ၏ လတ်ဆတ်သော ပီလောပီနံဥ ထွက်ရှိမှုသည် ယခုနှစ်တွင် တန်ချိန် ၃၆ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံ၏ ပီလောပီနံနှင့် ပီလောပီနံ ထွက်ကုန်များ တင်ပို့မှုမှာ ယမန်နှစ်တွင် တန်ချိန် ၁၁ သန်း ရှိခဲ့ပြီး ယခုနှစ်အတွင်း တန်ချိန် ၉ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

မိုးခေါင်ရေရှားမှုကြောင့် အထွက်နှုန်းလျော့ကျခဲ့သဖြင့် ပြည်ပတင်ပို့မှု လျော့ကျမည်ဖြစ်သည်။ နိုင်ငံခြားကုန်သွယ်မှုဌာနမှ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ထိုင်းပီလောပီနံနှင့် ပီလောပီနံထွက်ကုန်များ ဝယ်လိုအားမြင့်မားနေကြောင်း ပြောကြားခဲ့သည်။

ဝယ်ယူသူများသည် ရရှိနိုင်သမျှ ပမာဏအားလုံးကို ဝယ်ယူရန် ဆန္ဒရှိသော်လည်း ယခုနှစ်တွင် ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုသည် မိုးခေါင်ရေရှားမှု အခြေအနေကြောင့် အထွက်နှုန်းထိခိုက်ခဲ့ကြောင်း ၎င်းကဆိုသည်။ အချို့တောင်သူ လယ်သမားများသည် ပီလောပီနံအစား ကြံကိုပြောင်းလဲစိုက်ပျိုးခြင်းကြောင့်လည်း ပီလောပီနံအထွက်လျော့ကျသည်။ လတ်လတ်ဆတ်ဆတ် ပီလောပီနံပေါက်ဈေးသည် တစ်ကီလိုလျှင် ၃ ဒသမ ၁၀ မှ ၃ ဒသမ ၅၅ ဘတ်အထိ ရှိသည်။ အစိုးရမှ အာမခံချက်ပေးထားသည့် ဈေးနှုန်း ၂ ဒသမ ၅၀ ထက် ဈေးပိုမြင့်သည်။

ယခုနှစ် ပထမငါးလအတွင်း ထိုင်းနိုင်ငံသည် ပီလောပီနံနှင့်ပီလောပီနံထွက်ကုန် တန်ချိန် ၄ ဒသမ ၇၃ သန်း တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိသည်။ ပီလောပီနံ အပြားခြောက် Free-on-board (FOB) ဈေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၂၆၅ ရှိသည်။ ယမန်နှစ်ကထက် ၇% ဈေးကျသည်။ တရုတ်နိုင်ငံက အရက်ချက်ရန် ကုန်ကြမ်းအဖြစ် ဝယ်ယူမှုလျော့နည်းသွားသဖြင့် ဈေးကျခြင်းဖြစ်သည်။

ပီလောပီနံမှုန့် FOB ဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၅၇၀ ဖြစ်သည်။ ယမန်နှစ်ကထက် ၅% ပိုများသည်။ ပီလောပီနံထွက်ကုန်များအတွက် တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ထိပ်တန်းပို့ကုန်ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး တင်ပို့မှုစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းကို တရုတ်ပြည်သို့ တင်ပို့သည်။ ဂျပန်သို့ ၇% ၊ အင်ဒိုနီးရှားသို့ ၅%၊ တောင်ကိုရီးယားသို့ ၃% ၊ အခြားနိုင်ငံများသို့ ၂၀% တင်ပို့သည်။

**Source: bangkokpost**

https://t.me/Guid4U

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6412-cassava.html

# STOCK EXCHANGE (28.6.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Jun. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,361 (Shares) | 23,206,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 3,002 | 8,555,700 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 66 | 475,200 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 9,040 | 13,558,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 203 | 497,350 | 12,823,224 | 31,417 |
| EFR | 00006 | 2,400 | -100 | -4.00% | 2,400 | 2,400 | 2,400 | 50 | 120,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.67 | -2.24 | -0.63% | 353.83 | 354.67 | 353.83 | 12,361 | 23,206,250 | 7 | 624,961 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Jun.2023

| Trading Volume | Trading Value |
|---|---|
| 12,361 (Shares) | 23,206,250 (MMK) |

## Main Board

As of 1:00 pm, 28th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,361 (Shares) | 23,206,250 (MMK) |

| MYANPIX | 354.67 ▼ 2.24 |
|---|---|
| Total Volume (shares) | 12,361 |
| Total Value (MMK) | 23 mil |
| Listed Company | 7 |
| Market Cap. (MMK) | 624,961 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,400 | ▼ 100 |
| AMATA | 00007 | 4,800 | ▲ 0 |